# ၅၉ ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီအစည်းအဝေး

## မြန်မာနိုင်ငံဆိုင်ရာ အပြန်အလှန်ဆွေးနွေးမှု

## ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Volker Türk ၏ ထုတ်ပြန်ချက်

၁၈ ဇွန်လ ၂၀၂၅

လေးစားအပ်ပါသော

နာယကကြီး
အဖွဲ့ဝင်များ နှင့် ဂုဏ်သရေရှိ ကိုယ်စားလှယ်တော်များ ခင်ဗျာ၊

ကျွန်တော်တို့ လူ့အခွင့်အရေးကောင်စီမှာ မြန်မာနိုင်ငံရေးရာကိစ္စကို ထပ်မံ စည်းဝေးဆွေးနွေးနေချိန်မှာတော့ တရားမဝင် စစ်အာဏာရှင် (အစိုးရ)တရပ်ကြောင့် မွန်းကြပ်နေရတဲ့ တိုင်းပြည်တခုကို မျက်ဝါးထင်ထင်တွေ့ မြင် သက်သေခံနေကြပါတယ်။

မြန်မာနိုင်ငံဟာ ဝေဒနာဒုက္ခပြင်းထန်စွာ ခံစားနေရပါတယ်။

လူ့အခွင့်အရေးတွေ အရှိန်အဟုန်ပြင်းစွာ ဆက်လက် ယိုယွင်းပြိုပျက်လျှက်ရှိပါတယ်။

ဤသည်မှာ ဆယ်စုနှစ်များစွာကြာ စစ်တပ်လွှမ်းမိုးချုပ်ကိုင်မှု၊ အတိုက်အခံ သဘောထားကွဲလွဲမှုများအပေါ် ဖိနှိပ်ချုပ်ခြယ်ခြင်း၊ သွေးကွဲ ခွဲခြားများရဲ့ ဆိုးမွေ ပြယုဂ် အကျပ်အတည်းကပ်ဆိုးတရပ်ပါ။

ယခုဆိုလျှင် အဆိုပါ လားရာ ပုံစံတူတွေဟာ ရိုဟင်ဂျာနှင့် ရခိုင် လူမှုအသိုက်အဝန်းများအပေါ် ထိတ်လန့်စရာကောင်းစွာ ဖြစ်တည်လျှက်ရှိပါတယ်။

ခေါင်းဖြတ်ခြင်း၊

ညသန်းခေါင် ဒရုန်းတိုက်ခိုက်မှု၊

လူများ အိပ်ပျော်နေချိန် နေအိမ်များ မီးရှို့ခြင်း၊

လူတွေ အသက်လုပြီး ထွက်ပြေးနေစဉ် သေနတ်နဲ့ ပစ်သတ်ခံရခြင်း ကဲ့သို့သော ကြောက်မက်ဖွယ်စစ်နည်းဗျူဟာများအကြောင်း ကျွန်ုပ်တို့/ကျွန်တော်တို့ ကြားသိနေရပါတယ်။

စစ်တပ်ဟာ နယ်မြေအများအပြား ထိန်းချုပ်မှု ဆုံးရှုံးခဲ့ပါတယ်။ ဒါကြောင့် ပြင်းထန်တဲ့ အစွန်းဆုံး အစီအမံတွေကို တိုးမြှင့်ချမှတ်ကျင့်သုံးနေပါတယ်။

အဓမ္မ စစ်မှုထမ်းခြင်း၊ မြို့ရွာများကို ခွဲခြားသတ်မှတ်မှုကင်းစွာ ဗုံးကြဲခြင်း၊ ရက်စက်ကြမ်းကြုတ်သော

ရာဇဝတ်မှုများ ကျူးလွန်ခြင်း။

နာယကကြီး ခင်ဗျား

အရှေ့တောင်အာရှ ခရီးစဉ်ကနေ ကျွန်တော် မကြာသေးခင်က ပြန်ရောက်ခဲ့ပါတယ်။

အကျပ်အတည်းရဲ့ ပြင်းထန်တဲ့ ဒေသဆိုင်ရာ အကျိုးသက်ရောက်မှုတွေနဲ့ ဒီအနိဋ္ဌာရုံကပ်ဆိုးကြီးကိုရပ်တန့်ဖို့ ခေါင်းဆောင်မှုနဲ့ ဩဇာလွှမ်းမိုးမှု အရေးတကြီး လိုအပ်မှုတွေနဲ့ပတ်သက်ပြီး မြန်မာအရပ်ဘက်အဖွဲ့အစည်းတွေဆီက ကြားသိခွင့်ရခဲ့ပါတယ်။

မြန်မာစစ်တပ်ဟာ ၎င်းရဲ့ အကြမ်းဖက် အကြောက်တရားလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ရန် လိုအပ်တဲ့ နိုင်ငံခြားငွေနဲ့ လက်နက်များ ဆက်လက်ရရှိနေပြီး တဖက်တွင်မူ မြန်မာနိုင်ငံပြည်သူများအတွက် နိုင်ငံတကာမှ ငွေကြေးပံ့ပိုးမှုမှာ မဖြစ်စလောက် အနည်းငယ်မျှသာ ဖြစ်ပါတယ်။

မည်သို့ပင်ဆိုစေကာမူ နက်ရှိုင်းလေးနက်တဲ့ မျှော်လင့်ချက်ကို ကျွန်တော် မြင်တွေ့ခဲ့ရပါတယ်။ မြန်မာအရပ်ဘက်အဖွဲ့အစည်းတွေ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတွေနဲ့ ဒုက္ခသည် အသိုင်းအဝိုင်းတွေနဲ့ ဆွေးနွေးမှုတွေမှာ တိုင်းရင်းသား အသိုက်အဝန်းအားလုံးက မျိုးဆက်သစ်လူငယ်တွေဟာ မြန်မာနိုင်ငံ

အနာဂတ်အတွက် အားလုံးပါဝင်နိုင်တဲ့ မျှော်မှန်းချက်ကို ဖန်တီးဖို့ကြိုးပမ်းဆောင်ရွက်နေတာကို အထင်အရှား တွေ့မြင်ခဲ့ရပါတယ်။

မလေးရှားမှာ တိုင်းရင်းသား အသိုက်အဝန်းအားလုံးနီးပါးက ကိုယ်စားလှယ်တွေနဲ့ အတူတကွ တွေ့ဆုံခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ရိုဟင်ဂျာများနဲ့ အခြားတိုင်းရင်းသားအသိုင်းအဝန်းတွေ စားပွဲဝိုင်းတစ်ခုထဲမှာ တွေ့ဆုံဖို့ဆိုတာဟာ မတွေးဝံ့စရာ ကိစ္စပါ။ သူတို့ရဲ့ စည်းလုံးညီညွတ်မှုနဲ့ မျှဝေထားတဲ့မျှော်လင့်ချက်တွေကြောင့် ကျွန်တော်ဝမ်းနည်းဝမ်းသာ စိတ်ထိခိုက်ရပါတယ်။

ထိုင်းနိုင်ငံမှာ မတူညီတဲ့ လူမှုအသိုင်းအဝန်းနဲ့ နောက်ခံအမျိုးမျိုးက မြန်မာ အရပ်ဘက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်တွေ ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတွေဟာလည်း တူညီတဲ့ ဘုံရည်ရွယ်ချက်တခုနဲ့  စည်းလုံးညီညွတ်လျှက်ရှိပါတယ်။ စစ်တပ်ရဲ့  အာဏာသိမ်းမှုနဲ့ အကြမ်းဖက်မှုကို ဆန့်ကျင် ငြင်းဆန်ခြင်း၊ တာဝန်ယူ တာဝန်ခံမှုအပေါ် သူတို့ရဲ့တောင်းဆိုချက်၊ ပိုမိုကောင်းမွန်တဲ့ အနာဂတ်အတွက် လိုလားတောင့်တချက် တွေပါ။

ဒီလူငယ်တွေဟာ နိုင်ငံတကာအသိုင်းအဝိုင်းအပေါ်  ခိုင်မာတဲ့ မျှော်လင့်တောင်းတချက်တွေထားရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ဆင်းရဲဒုက္ခ အတိုင်းအတာကို စစ်မှန်စွာ အသိအမှတ်ပြုပြီး ထိုက်တန်တဲ့အာရုံစိုက်မှု ရရှိဖို့ သူတို့ ကြိုးပမ်းအားထုတ်နေကြပါတယ်။ လူသားချင်းစာနာထောက်ထားမှုအကူအညီနဲ့ နိုင်ငံတစ်ဝှမ်းရှိ လူမှုအသိုင်းအဝိုင်းတွေကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ၊ ဝန်ဆောင်မှုများ တိုက်ရိုက်ပေးပို့ဖို့အတွက် မြေပြင်မှာ လုပ်ကိုင်ဆောင်ရွက်နေသူတွေဆီ ထောက်ပံ့ငွေတွေ ရရှိလာနိုင်လိမ့်မယ်လို့ မျှော်လင့်ကြပါတယ်။

သူတို့တွေဟာ လိုအပ်နေတဲ့ ရပ်ရွာလူမှုအသိုင်းအဝိုင်းတွေကို ကူညီဖို့ နဲ့ စစ်တပ်ရဲ့ ဖိနှိပ်မှုကို တွန်းလှန်ဖို့ အတွက် သူတို့ရဲ့ အသက်တွေ ၊ ဘဝတွေကို စွန့်လွှတ်စတေးခဲ့ကြပါတယ်။

သူတို့နှင့်ဆိုလျှင် အနာဂတ်ဆိုသည်မှာ ဖြစ်နိုင်ဖွယ် ကိစ္စပါ။

နာယကကြီး ခင်ဗျား

ဆယ်စုနှစ်ပေါင်းများစွာ ဖိနှိပ်မှုတွေနဲ့ အကြမ်းဖက်မှုတွေကို ဆန့်ကျင်တဲ့ ပြည်သူတွေရဲ့ တော်လှန်မှုကို ကျွန်တော်တို့ မြင်တွေ့နေရပါတယ်။

စစ်တပ် ထိန်းချုပ်မှု ပြင်ပရှိ အချို့သော ဒေသတွေမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ တက်ကြွလှုပ်ရှားသူများရဲ့ ပံ့ပိုးထောက်ခံမှုဖြင့် ဒေသန္တရ အုပ်ချုပ်ရေး ပုံစံသစ်များ ပေါ်ပေါက်လာခဲ့ပါတယ်။ ဒီဒေသန္တရ အုပ်ချုပ်ရေးတွေဟာ လူသားချင်းစာနာထောက်ထားမှု မဖြစ်စလောက်အနည်းငယ်မျှ သို့မဟုတ် လုံးဝမရရှိကြတဲ့ ထောင်သောင်းများစွာအတွက် အစားအစာ၊ အမိုးအကာ၊ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုတွေ ပံ့ပိုးပေးနေကြပါတယ်။

ထို့အပြင် ပြည်သူ့ဝန်ဆောင်မှုစနစ်တစ်ခု လုံးလုံးလျားလျား ပျက်သုဉ်းပျောက်ကွယ်နေတဲ့ အခြေအနေအောက် အရေးတကြီးလိုအပ်တဲ့ ကာကွယ်စောင့်ရှောက်မှု(ဝန်ဆောင်မှု) တွေလည်း ဒေသန္တရ အုပ်ချုပ်ရေးတွေက ထမ်းဆောင်ပေးလျှက်ရှိပါတယ်။

ဥပမာအားဖြင့် ကယားပြည်နယ်ရှိ ကရင်နီဒေသကြားကာလစီမံအုပ်ချုပ်ရေးကောင်စီသည် ရပ်ရွာလူမှုအသိုင်းအဝိုင်းရဲ့လိုအပ်ချက်တွေကို တုံ့ပြန်ဖြေရှင်းပေးဖို့ ပြည်သူများမှ ရွေးကောက်တင်မြှောက်ထားသော အဖွဲ့ဝင် ခုနစ်ဦးရှိသည့် ဒေသန္တရ အုပ်ချုပ်ရေးစနစ်ကို ဖန်တီးခဲ့ပါတယ်။

အရပ်သားတွေ၊ ထွက်ပြေးလာသူတွေနဲ့ လက်နက်ချသူတွေကို အချိန်တိုင်း အကာအကွယ်ပေးဖို့ စစ်တပ်ဆန့်ကျင်ရေး လက်နက်ကိုင်အဖွဲ့အားလုံးကို ကျွန်တော် တောင်းဆိုပါတယ်။

နာယကကြီး ခင်ဗျား

မြန်မာပြည်သူပြည်သားတွေဟာ ပို၍ စိတ်ပျက်အားငယ်၊ ပို၍ ဒုက္ခဆင်းရဲ၊ ပို၍ ကြောက်ရွံ့ နေကြရမည် ဖြစ်ပါတယ်။

လက်နက်ကိုင်ပဋိပက္ခတွေဟာ နိုင်ငံတစ်ဝှမ်းတွင် ရက်စက်ကြမ်းကြုတ်စွာ ဆက်လက်ဖြစ်ပွားနေပြီး အရပ်သားတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ပိုမိုဆိုးရွားစွာ ထိခိုက်သေကြေနေဆဲပါ။ မကြာသေးမီရက်ပိုင်းအတွင်းက ရခိုင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လေကြောင်းတိုက်ခိုက်မှုများ၊ ရေတပ် အမြောက်များ၊ ပစ်ခတ်တိုက်ခိုက်မှုများတွင် အရပ်သားများအမြောက်အများ သေဆုံးခဲ့သည်ဟု ဆိုသည့် ဖြစ်စဉ်များစွာကိုလည်း ကျွန်တော် ရုံးမှ စုံစမ်းစစ်ဆေးလျက်ရှိပါတယ်။

မောင်တောရဲ့ အခြေအနေကို ကျွန်တော် လွန်စွာစိုးရိမ်မိပါတယ်။ ယခုသီတင်းပတ်ကုန်မှာ ရက္ခိုင့်တပ်တော်က ရိုဟင်ဂျာဦးရေ အများအပြားအပါအဝင် ကျန်နေထိုင်သူအားလုံးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းဖို့ သတိပေးချက် ထုတ်ပြန်ခဲ့ပါတယ်။

ဒါပေမယ့် ရိုဟင်ဂျာမှာ ရွေးချယ်ခွင့်မရှိပါဘူး။ ထွက်ပြေးစရာနေရာမရှိဘူး။

ရိုဟင်ဂျာတွေ ထွက်ပြေးဖို့ အမိန့်ထုတ်ပြီး မြို့မီးလောင်ခဲ့တဲ့ ဘူးသီးတောင်ကဲ့သို့ အလားတူ ပုံစံအတိုင်း အိုးအိမ်မဲ့၊ ဖျက်ဆီးမှုတွေနဲ့ ချိုးဖောက်ကျူးလွန်ခံရမှုတွေ ကျွန်တော်တို့ တွေ့ကြုံလာရဦးမှာကို ကျွန်တော် စိုးရိမ်မိပါတယ်။

မကြာသေးမီရက်ပိုင်းအတွင်းက အစုလိုက်အပြုံလိုက်ဖမ်းဆီးမှုတွေပြုလုပ်ခဲ့တဲ့ စစ်တွေမြို့အနီးတစ်ဝိုက်ရှိ ရခိုင်တိုင်းရင်းသားကျေးရွာတွေကို စစ်တပ်က ရွှေ့ပြောင်းခိုင်းခဲ့ကြောင်းလည်း ကြားသိရပါတယ်။

အခြားဥပမာတစ်ခုအနေဖြင့် စစ်တပ်က ၎င်းတို့ရဲ့ လက်နက်ကိုင် ပြိုင်ဘက် ရက္ခိုင့်တပ်တော်အား ထောက်ခံအားပေးသည့် တိုက်ပွဲဝင်နိုင်သောအသက်အရွယ်ရှိတဲ့ အမျိုးသားများတွေကို ဖော်ထုတ်ဖို့ ကြိုးပမ်းနေတဲ့အတွက် ဗျိုင်းဖြူကျေးရွာမှာ နေထိုင်သူ ရာနှင့်ချီပြီး ကင်းမဲ့နေကြောင်း သိရပါတယ်။

အမျိုးသားများတွေကို အမျိုးသမီးများနှင့် ခွဲထုတ်ခြင်း၊ လူဒါဇင်ပေါင်းများစွာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ပစ်သတ်ခြင်းခံခဲ့ရတယ်ဟု ဆိုကြပါတယ်။ အခင်းဖြစ်နေရာမှာ အနည်းဆုံး အမျိုးသမီးငါးဦးကိုလည်း အဓမ္မပြုကျင့်သတ်ဖြတ်ခဲ့ကြောင်း အများအပြားက အစီရင်ခံ စွပ်စွဲထားပါတယ်။ သူတို့ရွာ မီးလောင်သွားတယ်။ ဖမ်းဆီးခေါ်ဆောင်ခံရတဲ့ ရာနှင့်ချီသော အမျိုးသားတွေ ပျောက်ဆုံးနေကြပါတယ်။

ယုတ်မာသော လုပ်ရပ်တစ်ခုမှာ စစ်တပ်က ရိုဟင်ဂျာ လူငယ်တွေကို စစ်တပ်ထဲ ဝင်ဘို့/ဖို့ ဖိအားပေး ခြိမ်းခြောက်ခဲ့ပါတယ်။ ရိုဟင်ဂျာလူငယ်ထောင်ပေါင်းများစွာသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် ၎င်းတို့ရဲ့ လူမှုအသိုင်းအဝိုင်း ထောင်သောင်းများစွာကို အိုးမဲ့အိမ်မဲ့ ဖြစ်စေခဲ့တဲ့ အဆိုပါအလားတူတပ်ရင်းတပ်ဖွဲ့တွေမှာ စစ်မှုထမ်းစေခဲ့ရကြောင်း အချို့သော အစီရင်ခံစာတွေမှာ ဖော်ပြထားပါတယ်။

ဒါကိုတုံ့ပြန်တဲ့အနေနဲ့ ရက္ခိုင့်တပ်တော်က ရိုဟင်ဂျာတွေကို စစ်တပ်နဲ့ တိုက်ဖို့ ဖိအားပေးတိုက်တွန်းခဲ့ပါတယ်။ ရက္ခိုင့်တပ်တော်က ဒေသခံတွေကို အတင်းအကျပ် ရွှေ့ပြောင်းစေခြင်းဖြင့် ၎င်းတို့၏ ရပ်ရွာလူမှုအသိုင်းအဝိုင်းတွေကို ပစ်မှတ်ထားခဲ့ပါတယ်။ ရက္ခိုင့်တပ်တော်က ၎င်းတို့အား လက်နက်ဆန့်ကျင်တယ်လို့ သံသယရှိတဲ့ စစ်တိုက်နိုင်တဲ့ အသက်အရွယ်ရှိ အမျိုးသားများကို ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။

ထိုနည်းပရိယာယ်တွေဟာ စနစ်တကျ အကြမ်းဖက်ခြင်း၊ နှိပ်စက် ဖိနှိပ်ခြင်းနှင့် လူများကို အတင်းအကျပ် ရွှေ့ပြောင်းစေခြင်းများရဲ့ ၂၀၁၇ခုနှစ်မှ ထိတ်လန့်ဖွယ်ပုံရိပ်တွေနဲ့ အမှတ်တရများကို ပြန်လည်ပုံပေါ်စေခဲ့ပါတယ်။ ယနေ့ဆိုလျှင် မောင်တောနှင့် ဘူးသီးတောင် အပိုင်းများ အလှည့်ကျ မီးရှို့ခံခဲ့ရပါတယ်။

ရခိုင်တိုင်းရင်းသားတွေရဲ့ နေအိမ်များနှင့် ရပ်ကွက်များ မီးတင်ရှို့ခံခဲ့ရပြီး ရက်အနည်းငယ်အကြာ ရိုဟင်ဂျာရွာများကိုမီးရှို့ဖျက်ဆီးခဲ့ခဲ့ရပါတယ်။

ထို့အပြင် အဆိုပါရပ်ရွာလူမှုအသိုင်းအဝိုင်းတွေက ထောင်သောင်းချီတဲ့ အရပ်သားတွေဟာ အတင်းအကျပ် ထွက်ပြေးခဲ့ရပြီး  သူတို့ထဲက ရိုဟင်ဂျာ လူမှုအသိုင်းအဝိုင်း အလုံးစုံဟာ လုံခြုံဘေးကင်းရာသို့ရှာဖွေဖို့ အာမခံချက်မရှိကြပါဘူး။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည် တစ်သန်းကျော်ဟာ ရေရှည်အဖြေ အလားအလာကင်းမဲ့စွာ ဆိုးရွားသောအခြေအနေတွင် နိမ့်ပါးစွာ နေထိုင်နေရဆဲဖြစ်ပါတယ်။

အဆိုပါ အဖြစ်အပျက်တွေဟာ ရိုဟင်ဂျာတွေအပေါ် လူမျိုးတုံးလုပ်ရပ်လို့ ဂမ်ဘီယာနဲ့ တခြားအဖွဲ့ဝင်နိုင်ငံတွေက စွပ်စွဲတဲ့အမှုကို စစ်ဆေးနေချိန် နိုင်ငံတကာတရားရုံးက စည်းနှောင်မှုရှိတဲ့ အရေးပေါ်ယာယီအစီအမံချမှတ်ထားတာတွေနဲ့ ရင်ဆိုင်နေရတဲ့ အနေအထားမှာ ဖြစ်ပွားနေတာပါ။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးရှေ့မှောက် ဆိုင်းငံ့ထားသည့် တရားစွဲဆိုမှုများအပါအဝင် တာဝန်ယူတာဝန်ခံမှုမှာ လုံးဝအရေးပါသည့်ကိစ္စ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အတိတ်အသွင်ကူးပြောင်းမှုမှာ တာဝန်ယူတာဝန်ခံမှု အာမခံစေရန် ပျက်ကွက်မှုများသည် ယခုအခါ သမိုင်းတပတ် ပြန်လည်လာပြီး၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကို ခြောက်လှန့်လျှက်ရှိပါတယ်။

နာယကကြီး ခင်ဗျား

ရခိုင်ပြည်နယ်ရဲ့  ဝမ်းနည်းစရာကောင်းသည့်  အခြေအနေမှာ သုံးနှစ်ကြာ ပဋိပက္ခဖြစ်ပွားစေခဲ့သော ဤအာဏာသိမ်းမှုကြောင့်  နိုင်ငံတစ်ဝန်းလုံး  နာကျင်ခံစား  ဒုက္ခဝေဒနာများ၏  ဥပမာတစ်ခုမျှသာဖြစ်ပါတယ်။

စစ်တပ်သည် ခွဲခြားသတ်မှတ်ခြင်းကင်းမဲ့စွာ တိုက်ခိုက်မှုများကို လုပ်ဆောင်ခဲ့၊ လုပ်နေဆဲ ဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစပြီး စစ်တပ်လက်ချက်ကြောင့် အနည်းဆုံးအမျိုးသမီး ၁,၀၂၂ ဦးနှင့် ကလေး ၆၆၇ ဦး အပါအဝင် အရပ်သား ၅,၂၈၀ ထက်မနည်း သေဆုံးခဲ့ရပါတယ်။ အနည်းဆုံး လူ ၂၆,၈၆၅ ဦး ဖမ်းဆီးခံခဲ့ရပြီး၊ ၂၀,၅၉၂ ဦး ထိန်းသိမ်းခံထားရဆဲဖြစ်ပါတယ်။

ယခုပဋိပက္ခများကြောင့် ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးနေရသူ သုံးသန်းကျော်ရှိပြီး အများစုမှာ သင့်လျော်သော အမိုးအကာမရှိကြသေးပါ။ အစားအစာ သို့မဟုတ် ရေ လက်လှမ်းမီရရှိခြင်း မရှိကြပါ။ မရှိမဖြစ်လိုအပ်သောဆေးဝါးများနှင့်ကျန်းမာရေးစောင့်ရှောက်မှု မရရှိကြပါ။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဝင်ရောက်ခွင့်ကို စစ်တပ်က ဆက်လက်ငြင်းဆိုခြင်း၏ မမြင်နိုင်သည့်၊ အစီရင်ခံတင်ပြမှု နည်းပါးသည့် ရက်စက်ကြမ်းကြုတ်သော အခြား အကျိုးဆက်များစွာ တည်ရှိနေဆဲပါ။

နာယကကြီး ခင်ဗျား

အကြမ်းဖက်မှုတွေ အဆုံးသတ်ရပါမယ်။ အရပ်သားတွေအပေါ် တိုက်ခိုက်မှုတွေ အဆုံးသတ်ရပါမယ်။ အတင်းအဓမ္မ စစ်မှုထမ်းခြင်း အဆုံးသတ်ရပါမယ်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများငြင်းပယ်ခြင်း အဆုံးသတ်ရပါမယ်။

၂၀၁၆ နဲ့ ၂၀၁၇ ခုနှစ်တွေမှာ ရိုဟင်ဂျာတွေအပေါ် ကျူးလွန်ခဲ့တဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေ နောက်ထပ်တဖန် မဖြစ်ပွားအောင် တားဆီးကြဖို့ အားလုံးကို ကျွန်တော် တိုက်တွန်းလိုပါတယ်။

အကြမ်းဖက်မှုနဲ့ နှိပ်စက်ညှဉ်းပန်းမှုများမှ ထွက်ပြေးလာသူတွေကို နိုင်ငံတကာ ကာကွယ်စောင့်ရှောက်မှု အာမခံပေးရေး၊ လုံလောက်သော အမိုးအကာ၊ ပံ့ပိုးမှုနှင့် မရှိမဖြစ် ဝန်ဆောင်မှုတွေ ရေရှည် ရရှိစေရေးအတွက် ဒေသတွင်းရှိ နိုင်ငံများအားလည်း ကျွန်တော် တောင်းဆိုပါရစေ။ အထူးသဖြင့် နိုင်ငံဖြတ်ကျော် ခြိ

မ်းခြောက်မှု နဲ့ အတင်းအကျပ် ပြန်ပို့ခံရခြင်းများ မကြာခဏ ကြုံရလေ့ရှိတဲ့ လူ့အခွင့်အရေး ကာကွယ်သူများအတွက် အထူးပြဋ္ဌာန်းချက် ပံ့ပိုးမှုတွေ လိုအပ်ပါတယ်။

ယခုအချိန်မှာ မြန်မာနိုင်ငံသို့ မည်သူတဦးတယောက်ကိုမှ အတင်းအကျပ် ပြန်မပို့သင့်တော့ပါ။

လျော့ပါးမသွားတဲ့ လက်ရှိအကျပ်အတည်းကို စုပေါင်းတုံ့ပြန်နိုင်မဲ့နည်းလမ်းကို ကျွန်တော်တို့ ပြန်လည်စဉ်းစားဖို့ အရေးတကြီး လိုအပ်ပါတယ်။

လက်ရှိနဲ့ အနာဂတ် အာဆီယံဥက္ကဋ္ဌများဖြစ်တဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနဲ့ မလေးရှားနိုင်ငံ၊ နီးစပ်တဲ့ အိမ်နီးချင်းတနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံနဲ့လည်း ကျွန်တော် ဆွေးနွေးခွင့်ရခဲ့ပါတယ်။

အကြမ်းဖက်မှုတွေကို တားဆီးရန် သို့မဟုတ် ဒီမိုကရေစီ ပြန်လည်ထူထောင်ရန် ပျက်ကွက်ခဲ့တဲ့ အာဆီယံ ဘုံသဘောတူညီချက် ငါးရပ်မူဘောင်ကနေ ကျော်လွန်ဖို့ အချိန်တန်ပါပြီ။

အာဆီယံရဲ့ ကြိုးပမ်းအားထုတ်မှုတွေဟာ မြန်မာနိုင်ငံရဲ့ ကံကြမ္မာကို ၎င်း၏ပြည်သူများထံ ပြန်လည်ပေးအပ်စေနိုင်မဲ့ လမ်းပြမြေပုံသစ် ဖော်ဆောင်ဖို့အတွက် ဩဇာကြီးမားသောနိုင်ငံများရဲ့ ပေါင်းစုအားတရပ်ကို ကျောထောက်နောက်ခံပြုပြီး အားသစ်လောင်းရမှာပါ။ ဒီအချက်ကို ဒီမိုကရေစီအနာဂတ်ဆီသို့ အောက်ခြေမှနေ၍ အခြေခံအုတ်မြစ်တွေချပေးတဲ့ လက်တွေ့မြေပြင်မှာ ပေါ်ထွက်နေသော ဒေသန္တရအုပ်ချုပ်ရေး သရုပ်မှန် ပကတိတရားသစ်များမှာ ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

မြန်မာပြည်သူတွေ စားပွဲဝိုင်းမှာ နေရာရှိရပါမယ်။ ဆိုလိုတာက ဒီမိုကရေစီလှုပ်ရှားမှုများ နဲ့ လူငယ်များဆီ အရောက်လှမ်းဖို့၊ ယခုအကျပ်အတည်းကို ဖြေရှင်းရာမှာ သူတို့တွေ အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ပတ်သက်ကြဖို့ပါ။

မြန်မာနိုင်ငံရှိ မျိုးဆက်သစ်များ အထူးသဖြင့် ပေါ်ထွန်းလာသော အမျိုးသမီးများရဲ့ ခေါင်းဆောင်မှုတွေကို တိုင်းပြည်အနာဂတ် "မျှော်မှန်းချက်" ဖော်ဆောင်တဲ့လုပ်ငန်းစဉ်မှာ ပံ့ပိုးပေးသင့်ပါတယ်။

ပိုမိုအာရုံစိုက်မှု၊ ပိုမိုရင်းနှီးမြှုပ်နှံမှု၊ ပိုမို ထက်သန်တဲ့နိုင်ငံရေးစိတ်ဆန္ဒ၊ ပိုမိုလုပ်ဆောင်မှုများ ပေါင်းစပ်မှုနှင့်အတူ မြန်မာနိုင်ငံပြည်သူများအတွက် ပိုမိုကောင်းမွန်တဲ့ မနက်ဖြန်အတွက် ယခုလက်ရှိ အခြေအနေမှသည် ပြောင်းလဲမှုဆောင်ကျဉ်း နိုင်ပါကြောင်း။

ကျေးဇူးတင်ရှိပါတယ်။